# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး

## (၂၆) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၇- ၃ - ၂၀၁၄ ]

## ( တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော်(၂၆)ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

( က ) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)၏ **နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန် - မန္တလေးအမြန်လမ်း အနောက်ခြမ်းဒေသရှိ ကျေးလက်နေ ပြည်သူများ ရာသီမရွေးသွားလာမှု လွယ်ကူအဆင်ပြေစေရေး အတွက် ကျေးလက်လမ်းများအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးတင်ဝင်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **အောင်လံ - ကျောက်ပန်းတောင်း - သမ္ဘူလ - ရွှေပန်းတော ကျေးလက် လမ်းမကြီးတွင် အရည်အသွေး မပြည့်မီသော နေရာအားလုံးကို သတ်မှတ်စံချိန်၊ စံညွှန်းနှင့် အညီ ပြန်လည်ပြုပြင်မွမ်းမံပေးသွားရန်** နှင့် **ယင်းလမ်းမကြီး၏ အစိတ်အပိုင်း**

**တစ်ခုဖြစ်သော ကျောက်ပန်းတောင်း - မြို့လှ - ထမကန် - ရွှေပန်းတောလမ်းပိုင်း ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ပြုပြင် မွမ်းမံ ပေးသွားရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **နိုင်ငံခြားငွေကို ပုဂ္ဂလိကဘဏ်များမှ ချေးငွေအဖြစ် ထုတ်ချေးခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားဆေးဝါး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊

ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ သတ္တမပုံမှန် အစည်းအဝေး အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ နှင့် ကော်မတီ၏ ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၁၀။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။